မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
October 10 , 2024 Volume 83, Number 8

**၁၀.၁၀.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၆. ၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၆၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၉.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၅၁၉ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပက ဝယ်ယူမှုများပြားလာသဖြင့် မန္တလေးဈေးကွက်တွင် ပဲယဉ်း အရောင်းအဝယ်ကောင်းမွန်နေ



ပြည်ပက ဝယ်ယူမှုများပြားလာသဖြင့် မန္တလေးဈေးကွက်တွင် ပဲယဉ်းအရောင်းအဝယ်ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲယဉ်းများကို ယခုလက်ရှိတွင် ပြည်ပက ဝယ်ယူမှုများလာကြောင်း၊ ယခုလက်ရှိ ပြည်တွင်း၌လည်း ပဲယဉ်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အလားတူ မန္တလေးဈေးကွက်အတွင်း ပဲယဉ်းများအရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

" ပြည်တွင်းက ထွက်ရှိတဲ့ ပဲယဉ်းတွေကို အခုလက်ရှိ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံဘက်ကပြန်ပြီး ဝယ်ယူမှုတွေရှိလာပါတယ်။ပြည်တွင်းကလဲ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ပိုပြီး အရောင်းအဝယ်ကောင်းမွန်လာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ ပေါက်ဈေးအရ ပဲယဉ်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၉၀,၀၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

" ပဲယဉ်းက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားတွေထဲက တစ်မျိုးဖြစ်ပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာလဲ ပဲယဉ်းက အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်) မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**Source : ရတနာပုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်များတွင်း ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးနှုန်းဈေးကွက်



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် လေးမျက်နှာမြို့နယ် အတွင်းရှိ ကျေးရွာများတွင် ပီလောပီနံကို စိုက်ပျိုးကြပြီး ဟင်္သာတမြို့နယ်တွင် ၃၇၅၆ ဧက၊ ဇလွန်မြို့နယ်တွင် ၆ ဧက၊ လေးမျက်နှာမြို့နယ်တွင် ၅၅၀၉ ဧက၊ စုစုပေါင်းစိုက် ဧက ၉၂၇၁ ဧက စိုက်ပျိုးထား ကြောင်း သိရသည်။

ပီလောပီနံသည် ရေမတင်သဲဆန်သည့်မြေများတွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး မြေပုံ၍ စိုက်ပျိုးခြင်းနှင့် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြကြောင်း၊ ပီလောပီနံကို မေလတွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလကုန်တွင် စတင်တူးဖော်ရကြောင်း၊ မျိုးအနေဖြင့် ဒေသမျိုးဆင်တစ်ဆွဲနှင့် ယိုးဒယားမျိုး Rayong-9 မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်ရေ ၂၄၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်၉ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ပိဿာချိန် ၃၀၀၀ ခန့်ထွက်ရှိပြီး ပီလောပီနံထွက်ရှိချိန်တွင်ပီလောပီနံဥတစ်ပိဿာလျှင် ကျပ် ၅၀၀-၆၀၀-၇၀၀ ၊ ပီလောပီနံအချောမှုန့် တစ်ပိဿာလျှင် ကျပ် ၂၄၀၀-၂၇၀၀၊ အမှုန့်ထုတ်ပြီး ပီလောပီနံလုံး တစ်ပိဿာလျှင် ကျပ် ၃၀၀ စသည်ဖြင့် ရောင်းချရကြောင်း၊ တစ်ဧကလျှင် ၉ သိန်းခန့် အမြတ်ရရှိပြီး ဈေးကွက်အနေဖြင့် ဟင်္သာတခရိုင်မှ ထွက်ရှိသော ပီလောပီနံများကို ဒေသတွင်းရောင်းချမှုအပြင် ပီလောပီနံအချောမှုန့်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဖူးစားပြောင်းအဖူးရေ ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ဖူးစားပြောင်းအဖူးရေ ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးကပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဒေသထွက်ဖူးစားပြောင်းဖူးအရေ ၆၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ဖူးစားပြောင်း အဖူးရေ ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ ပြီးခဲ့တဲ့ တစ်လအတွင်း ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်းအဖူးရေ ၉၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငပုတောမြို့နယ်ကနေ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်း

အဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ များများ တင်ပို့ရောင်းချနေရတော့ ပြောင်းစိုက်ပျိုးသူတွေ၊ ကုန်တင်ကုန်ချ လုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာကာ အဆင်ပြေလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းမွန်ပါတယ်”ဟု ငပုတောမြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦး က ပြောပြသည်။

ငပုတောမြို့နယ်မှ ဒေသထွက်ဖူးစားပြောင်းများကို ကုန်တင်ကားဖြင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ကျပ် ၁၃,၀၀၀ မှ ၁၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ငပုတောမြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

**Source : ရတနာပုံသတင်းစာ**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလောက် ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလ အတွင်း ငါးသလောက် ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦး က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလောက် ပိဿာချိန် ၆၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးသလောက် ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က မှာယူမှုများပြားနေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ငါးသလောက်ပိဿာချိန် ၈၅,၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။တင်ပို့ရောင်းချခဲ့တဲ့ငါးသလောက်တွေက လတ်ဆတ်မှုနဲ့အရွယ်အစားအလေးချိန်ပေါ်မူတည်ပြီးဈေးအပြောင်းအလဲရှိပါတယ်။ ဖျာပုံမြို့နယ်ကနေ တင်ပို့တဲ့ငါးသလောက်တွေကိုဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်" ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်များ အရွယ်အစားပေါ်မူတည်၍ ဈေးအပြောင်းအလဲရှိကြောင်း ၊ အဆိုပါ ငါးသလောက်များ ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ဗီယက်နမ်နိုင်ငံ ဘန်ကျဲပြည်နယ်မှ တရုတ်နိုင်ငံသို့ အောက်တိုဘာလတွင် လတ်ဆတ်သောအုန်းသီးများအား ပထမအသုတ်တင်ပို့သွားမည်

ဗီယက်နမ်နိုင်ငံနှင့်တရုတ်စီမံခန့်ခွဲမှုအေဂျင်စီများအကြား မကြာသေးမီက လက်မှတ်ရေးထိုးထားသော လတ်ဆတ်သော အုန်းသီးများအား တင်ပို့မှုဆိုင်ရာ သဘောတူညီချက်အရ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဘန်ကျဲပြည်နယ်သည် လတ်ဆတ်သောအုန်းသီးများအား တရုတ်နိုင်ငံသို့ ပထမအကြိမ်တင်ပို့ရန်အတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဘန်ကျဲပြည်နယ်သည် လက်ရှိတွင် အုန်းစိုက်ပျိုးဧရိယာ ၁၆,၀၀၀ ဟက်တာခန့်ရှိပြီး ပြည်နယ်၏ စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့် ဧရိယာကုဒ် ၁၃၃ ခုရှိပြီး ဟက်တာ ၄၀၀ နီးပါးကျယ်ဝန်းကြောင်း သိရသည်။

ဘန်ကျဲပြည်နယ်သည် တရုတ်ဈေးကွက်သို့ တင်ပို့ရန် လိုအပ်ချက်များနှင့်ကိုက်ညီသည့် အုန်းသီးစိုက်ပျိုးဒေသ ၁၃ ခုရှိကြောင်း၊ ပထမအကြိမ် တရုတ်နိုင်ငံသို့ လတ်ဆတ်သောအုန်းသီးများ တင်ပို့မှုအခမ်းအနားကို အောက်တိုဘာလအတွင်း ကျင်းပရန်မျှော်လင့်ကြောင်း စိုက်ပျိုးရေးဌာနညွှန်ကြားရေးမှူး Doan Van Danh ကပြောကြားသည်။

တရုတ်နိုင်ငံသို့ လတ်ဆတ်သောအုန်းသီးများ တင်ပို့နိုင်သည့် ဒေသ ၁၃ ခုကို ပဏာမစစ်ဆေးရန် အတွက် တရုတ်ဘက်မှ စက်တင်ဘာလတွင် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

ဗီယက်နမ်စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့တို့သည် တရုတ်နိုင်ငံသို့တင်ပို့သည့် ဗီယက်နမ် အုန်းသီးလတ်လတ်ဆတ်ဆတ်များအတွက် ဓာတုဗေဒလိုအပ်ချက်ဆိုင်ရာ ပရိုတိုကောကို မကြာသေးမီကလက်မှတ်ရေးထိုးခဲ့ပြီး ဗီယက်နမ်အုန်းသီးစိုက်ပျိုးသူများနှင့်လုပ်ငန်းရှင်များအတွက် အမြတ်အစွန်းများသည့် ဈေးကွက်သို့ဝင်ရောက်ရန် အခွင့်အလမ်းများရရှိခဲ့ကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် ဗီယက်နမ်တွင် အုန်းသီးစိုက်ပျိုးရာပြည်နယ် ၁၅ ခုရှိပြီး ဟက်တာ ၂၀၀,၀၀၀ ခန့်ရှိကာ တန်ချိန် ၂ သန်း ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း လိုင်စင်ရ ဧရိယာကုဒ် ၂၀၇ ခုနှင့် ထုပ်ပိုးမှုဆိုင်ရာ အဆောက်အဦ ၅၅ ခုရှိကြောင်း ဖော်ပြထားပါသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း အုန်းသီးအချိုတန်ချိန် ၃ သောင်းခန့်နှင့် ပြုပြင်ပြီး အုန်းသီးထွက်ကုန်များ အထူးသဖြင့် အုန်းခြောက်ထွက်ကုန်တန်ချိန် ၃၂၀,၀၀၀ခန့်ကို ကမ္ဘာတစ်ဝှမ်းသို့ တင်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။

**Source: VOV**

**(စီးပွားရေးသံမှူး၊မြန်မာသံရုံး၊ဟန်္နွိုင်းမြို့)**

## ထိုင်းနိုင်ငံ၏ အထူးကော်ဖီ (Specialty Coffee) ဈေးကွက်ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း Specialty Coffee Association of Thailand (Scath) က ပြောကြားခဲ့

ထိုင်းနိုင်ငံ၏ အထူးကော်ဖီ (Specialty Coffee) ဈေးကွက်မှ ၁ နှစ်လျှင် ဘတ် ၂ ဘီလီယံရရှိနိုင်ရေး မြှင့်တင်သွားမည်ဖြစ်ကြောင်း Specialty Coffee Association of Thailand (Scath) က ပြောကြားသည်။

Specialty Coffee ကို ခူးဆွတ်ခြင်း အပါအဝင် ထောက်ပံ့မှု ကွင်းဆက်တစ်လျှောက် အကောင်းဆုံးစံနှုန်းများနှင့် ကိုက်ညီမှုပေါ်မူတည်၍ အမျိုးအစားခွဲထားခြင်းဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအတွင်း ကော်ဖီထုတ်လုပ်မှု ကုန်ကျစရိတ်သည် ဒေသတွင်းရှိ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက ကြီးမြင့်သဖြင့် ယှဉ်ပြိုင်နိုင်မှုမရှိဖြစ်စေကြောင်း၊ အသင်းအဖွဲ့ဝင်များတွင်ပါဝင်သော စိုက်ပျိုးသူများ၊ တင်ပို့သူများနှင့် ကော်ဖီဆိုင်ပိုင်ရှင်များက ဈေးကွက်အတွင်းနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်ရန်အတွက် Specialty Coffee ထုတ်လုပ်ရန်နှင့် ထောက်ခံရန် ပါဝင်လိုကြပါကြောင်း၊ Specialty Coffee ဈေးကွက်အလားအလာများကို ဖော်ပြရမည်ဆိုပါက အဆိုပါကော်ဖီ၏ဈေးနှုန်းသည် အာရေဗီးကားကော်ဖီစေ့များထက် အနည်းဆုံး ၆၀ ရာခိုင်

နှုန်းမြင့်မားပါကြောင်း၊ ထိုင်းနိုင်ငံအတွင်း Specialty Coffee ၏ ဈေးကွက်သည် တစ်နှစ်လျှင် ၂၅ ရာခိုင်နှုန်း ကြီးထွားလာလျက်ရှိပါကြောင်း အသင်းဥက္ကဋ္ဌ Ms. Nutrada Sunavivattananon က ပြောကြားသည်။

ဈေးကွက်ကြီးထွားလာရခြင်းမှာ စားသုံးသူများ၏စားသုံးမှုပုံစံပြောင်းလဲလာခြင်းနှင့် လုပ်ငန်းကြီးများက Specialty Coffee ဈေးကွက်သို့ ချဲ့ထွင်လာကြခြင်းကြောင့်ဖြစ်ကြောင်း၊ ၁နှစ်လျှင် ကော်ဖီဈေးကွက်တန်ဖိုး ဘတ် ၁၀၀ ဘီလီယံတွင် အကောင်းစား ကော်ဖီဈေးကွက်တန်ဖိုး ဘတ် ၂၀ ဘီလီယံအနက် Specialty Coffee ဈေးကွက်တန်ဖိုးသည် ဘတ် ၂ ဘီလီယံ ရရှိရန် ခန့်မှန်းထားပါကြောင်း၊ အသင်းအနေဖြင့် စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကော်ဖီမျိုးစိတ်များ စမ်းသပ်ထုတ်လုပ်ခြင်း၊ Specialty Coffee နှင့် စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် တောင်သူများသို့ ဗဟုသုတများမျှဝေခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် စိုက်ပျိုးသော ထိပ်တန်း Specialty Coffee အမျိုးအစားများအနက် Java သည် အပါအဝင်ဖြစ်ကြောင်း Ms. Nutrada က ဖြည့်စွက်ပြောကြားသည်။

ထိုင်းကော်ဖီကဏ္ဍကို ကမ္ဘာ့အဆင့်သို့ ထိုးဖောက်နိုင်ရန်ရည်ရွယ်၍ Central Pattana Plc နှင့် အသင်းတို့ ပူးပေါင်းကာ နိုင်ငံနှင့်အဝှမ်းတွင် Thailand Coffee Hub ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်မှာ ၃ နှစ်တိုင်ပြီဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းမှ စားသုံးသူဆီ (B2C) သို့ လည်းကောင်း၊ စီးပွားရေးလုပ်ငန်းမှ စီးပွားရေးလုပ်ငန်း (B2B) သို့လည်းကောင်း ထောက်ပံ့ပေးခြင်းဖြင့် စားသုံးသူများ၏ လိုလားချက်အတိုင်း ထုတ်လုပ်ပေးနိုင်သည့် ကော်ဖီလုပ်ငန်းရှင်များ ပေါ်ထွက်လာရန်ဖြစ်ကြောင်း Central Pattana Plc အကြီးတန်းအရာရှိဖြစ်သူ Ms. Kwankaew Sirijinda က ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံသည် ၉ လအတွင်း ဆန်တင်သွင်းမှု စံချိန်တင်မြင့်တက်

ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံပြီးလျှင် တတိယမြောက် ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ကိုးလအတွင်း ဆန်တင်သွင်းမှု အမေရိကန်ဒေါ်လာ ၁ ဘီလီယံနီးပါးစံချိန်တင် ရောက်ရှိခဲ့သည်။

ပြည်ပပို့ကုန်အတွက် တန်ဖိုးမြင့်ဆန်မျိုးများကို စိုက်ပျိုးရန် တောင်သူလယ်သမားများက အာရုံစိုက်လာခြင်းကြောင့် ပြည်တွင်းကုမ္ပဏီများသည် ပြည်တွင်းဝယ်လိုအားပြည့်မီစေရန် ဆန်တင်သွင်းမှုအရှိန်မြှင့် လုပ်ဆောင်လာကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းမှ ဆန်ကုန်သည် ငုယင်ဗန်ထန်း၏ အဆိုအရ ယခုနှစ်တွင် ကမ္ဘောဒီးယားမှ ၃၀ ရာခိုင်နှုန်း ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဆန်တင်သွင်းမှုအများစုမှာ အဓိကအားဖြင့် မြန်မာနိုင်ငံ၊ ပါကစ္စတန်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့မှဖြစ်ပြီး အဆိုပါနိုင်ငံများမှ တင်သွင်းသည့်ဆန်များသည် ဝင်ငွေနည်းသော စားသုံးသူများနှင့် တိရစ္ဆာန်အစာထုတ်လုပ်သူများအတွက် ဆွဲဆောင်မှုရှိပြီး ဈေးနှုန်းမှာတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၈၀ မှ ၅၀၀ ကြားရှိကြောင်း၊ ဗီယက်နမ်၏ ပျမ်းမျှဆန်တင်ပို့မှု ဈေးနှုန်းအနေဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၄ သို့ မြင့်တက်ခဲ့ပြီး ယခင်နှစ်ထက် ၁၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်မြောက်ပိုင်းတွင် ယခုနှစ်အတွင်း ရာသီဥတုဆိုးရွားမှုကြောင့် ဆန်စပါးစိုက်ပျိုးသည့်ဧရိယာ ဟက်တာ ၃၀၀,၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း၊ ပြည်တွင်းမှ ဆန်ရရှိမှု နည်းပါးလာသည့်အတွက် ပြည်ပမှ ရင်းမြစ်များကို ရှာဖွေကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစိန်ခေါ်မှုများကြားမှ ဆန်တင်ပို့မှုသည် ဇန်နဝါရီမှ စက်တင်ဘာလအတွင်း ၂၃ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆန်တင်သွင်းမှု ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၈၆၀ သန်းရှိကြောင်း ဖော်ပြထားသည်။

**Source: VN Express International**

**(စီးပွားရေးသံမှူး ၊မြန်မာသံရုံး ၊ဟနွိုင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (10.10.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,100 (Shares) | 15,781,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 505 | 4,343,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 917 | 3,117,800 | 38,929,150 | 132,359 |
| MCB | 00003 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 0 | 0 | 10,400,986 | 91,529 |
| FPB | 00004 | 1,900 | +50 | +2.70% | 1,900 | 1,900 | 1,900 | 2,027 | 3,851,300 | 29,664,613 | 56,363 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 701 | 1,191,700 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 950 | 3,277,500 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Search...

Home > Main Board > Market Data > Market summary


## Market summary

As of 10th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.17 | +0.79 | +0.20% | 405.17 | 405.17 | 405.17 | 5,100 | 15,781,300 | 8 | 764,226 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 10th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 5,100 (Shares) | 15,781,300 (MMK) |

## Main Board

As of 1:00 pm, 10th Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,100 (Shares) | 15,781,300 (MMK) |

| MYANPIX | 405.17 ▲ 0.79 |
|---|---|
| Total Volume (shares) | 5,100 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 764,226 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 8,800 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 0 |